မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်

# မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်း (IFC) တို့ သဘောတူလက်မှတ်ရေးထိုးခြင်း

မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ကမ္ဘာ့ဘဏ်၏အဖွဲ့ဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းတို့မှ လာမည့်နှစ်အနည်းငယ်အတွင်း ဘဏ်၏လုပ်ကိုင်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်နိုင်စေရေးအတွက် အကြံပေးအတိုင်ပင်ခံဝန်ဆောင်မှုများနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးကြပါသည်။ ဤသဘောတူညီချက် ၌ မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြု၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား ပြီးမြောက်စေရန်အတွက် IFC သည် မြန်မာနိုင်ငံသားများဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချက်မှာ ၂ နှစ် ကြာမြင့်မည်ဖြစ်ပြီး၊ Corporate ၊ SME နှင့် Retail Banking များတွင် customer များ တန်ဖိုးထားရွေးချယ်စေရေး ရေးရှုထားသည့် အားကောင်းသောအချက်များပါဝင်သည့် မဟာဗျူဟာအစီအစဉ်အား ပြန်လည်မွမ်းမံခြင်း၊ ဝန်ဆောင်မှုအစီအစဉ်များနှင့် ပုံစံများအား အသင့်လျော်ဆုံးထားရှိပေးခြင်း၊ ဘဏ်ခွဲများနှင့်ကွန်ရက်များအား တိုးချဲ့ခြင်း၊ သင့်လျော်သော ဒီဂျစ်တယ်သုံးဝန်ဆောင်မှုများ ဖန်တီးခြင်း၊ အဆင်ပြေချောမွေ့သော စီမံခန့်ခွဲမှုများဖြင့် လုပ်ငန်းမြှင့်တင်အကောင်အထည်ဖော်မှုများအား အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ဆုံးရှုံးနိုင်ခြေအားစီမံခန့်ခွဲနိုင်မှု၊ ထိရောက်မှု၊ စွမ်းဆောင်နိုင်စွမ်းများ အားလည်း တိုးမြှင့်၍ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

IFC ၏ ပူးပေါင်းလုပ်ကိုင်မှုပုံစံ၊ ဈေးကွက်ဆိုင်ရာအတွေ့အကြုံများနှင့် နိုင်ငံတကာ၌ ဘဏ်လုပ်ငန်းဆိုင်ရာပညာများအား မြှင့်တင်ပေးနိုင်စွမ်းများသည် မိမိတို့ဘဏ်အား ဦးတည်ချက်များဆီသို့ နှစ်အနည်းငယ်အတွင်း ရောက်ရှိစေနိုင်မည်ဖြစ်ပြီး SME ၊ Retail နှင့် Corporate ကဏ္ဍများတွင် customer များအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်စေမည် ဖြစ်သည်။

## IFC

ကမ္ဘာ့ဘဏ်နှင့် ညီအစ်မအဖွဲ့အစည်းဖြစ်ပြီး၊ ကမ္ဘာ့ဘဏ်အုပ်စုဝင်ဖြစ်သော IFC သည် အကြီးမားဆုံး နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်း၍ ဈေးကွက်များဖြစ်ထွန်းရေးအပိုင်းတွင် private sector အပေါ် အဓိကထား လုပ်ဆောင်လျှက်ရှိပါသည်။ နိုင်ငံတကာစီးပွားရေးလုပ်ငန်းစု ၂၀၀၀ ကျော်ဖြင့် ပူးပေါင်း လုပ်ကိုင်လျက်ရှိပြီး၊ ခက်ခဲသောနေရာများတွင် ဈေးကွက်များ၊ အခွင့်အလမ်းများ ဖန်တီးနိုင်ရန် ကိုယ်ပိုင်မတည်ရင်းနှီးငွေ၊ ကျွမ်းကျင်ပညာများနှင့် ဂုဏ်သတင်းကိုသာ အသုံးပြုလုပ်ကိုင်ပါသည်။ ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်နိုင်ရေး၊ သာတူညီမျှဖြစ်စေရေး ရည်ရွယ်ချက်များဖြင့် ရေရှည်ငွေကြေးမတည်မှုများအတွက် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော် ပေးအပ်ခဲ့ပါသည်။ အသေးစိတ် အား www.ifc.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်